

# နှင်းထားထား

တိုင်တည်သူရှာ တည်သောခါဝယ်

# အခန်း (၁)

တကယ်တော့ ကျွန်မရဲ့ဘဝဟာ လူတစ်ဦးတစ်ယောက် (မိန်းကလေးတစ်ယောက်)ရဲ့ အထိန်းတော် ခေါ်မလား၊ assistant ခေါ်မလား၊ အဖော်သက်သက်အဖြစ် ရှင်သန်ကြီးပြင်းလာခဲ့ရတာ ပါ။ ကျွန်မရဲ့ ဘဝတစ်ခုလုံး ဟာ သူမရဲ့ လက်ထဲမှာ၊ သူမရဲ့ စေလိုရာစေ၊ သူမရဲ့ အမိန့်တွေအောက်မှာ ရှင်သန်ခဲ့ရတဲ့ သူမရဲ့ အပိုင်ဆိုင်ခံ သက်ရှိလူသားတစ်ယောက်ပါ။ သူမရဲ့ မျက်လုံး၊ မျက်နှာရိပ် မျက်နှာကဲအောက်မှာ ကျွန်မ လူလားမြောက်ခဲ့ရတာ ကို မှတ်မိနေဆဲပါ။ ကျွန်မ သိတက်စအရွယ်မှာ ကျွန်မဟာ သူမရဲ့ နောက်တော်ပါးကလေး ဖြစ်နေခဲ့ပြီ။ ကျွန်မရဲ့ အဖေဆိုတာကို ကျွန်မ မမြင်ဖူးခဲ့။ အမေကတော့ သူမတို့အိမ်ရဲ့ housekeeper တစ်ယောက်ပါ။ ကျွန်မလေးနှစ် သမီးအရွယ်မှာ အမေဆုံးသွားခဲ့ပြီး ကျွန်မကို သူမရဲ့ မိဘတွေကပဲ သမီးအတွက် အနီးကပ် စောင့်ရှောက်ဖော် အဖြစ် ကျွန်မကို အရုပ်ကလေးတစ်ရုပ် ဝယ်ယူလိုက်သလိုပဲ ကျွန်မကို မွေးစားယူလိုက်တာပါ။ သူမနဲ့ ကျွန်မဟာ အရွယ် မတိမ်းမယိမ်းလေးပါပဲ။ ကျွန်မ မှတ်မိသလောက် ကျွန်မရဲ့ မှတ်ဉာဏ်ထဲ စွဲမြဲနေတာက ကျွန်မဟာ သူမ နောက်ကနေ တစ်ကောက်ကောက် လိုက်ပြီး သူမကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရတာ ကိုပါ။ သူမ လိုအပ်သမျှ ပစ္စည်းပစ္စယတွေ၊ အရုပ်တွေ၊ အသုံးအဆောင်တွေ ထည့်ထားတဲ့ အိတ်တစ်အိတ်ကို မနိုင်မနင်း လွယ်ပိုးလို့ ကျွန်မ သူမကို လိုက်စောင့်ရှောက်ရပါတယ်။ သူမ လွှင့်ပစ်လိုက်သမျှ အရုပ်တွေ၊ ပစ္စည်းတွေကို မမောနိုင်မပန်းနိုင် လိုက်ကောက်သိမ်းခဲ့ရလည်း ကျွန်မ အပြုံးမပျက်ခဲ့။ အဲဒါ ကျွန်မရဲ့ ဘဝပဲလေလို့ ကျွန်မ နားလည်ခံယူထားပြီး သားလေ။ တစ်ခါတစ်ရံ ကျိတ်ပြီး ငိုကြွေးခဲ့ရတာ ကလွဲလို့ ကျွန်မ ပျော်ရွှင်ခဲ့တယ်ထင်ပါရဲ့။ ကျွန်မမှာ

ရွေးချယ်စရာ မရှိခဲ့ဘူး မဟုတ်လား။ ဘဝက ကျွန်မကို နေရာချ ပြဌာန်းခဲ့ပြီးသား။

ပြောရရင် ကျွန်မဟာ သူမကို ကျေးဇူးတောင်တင်ရဦးမှာပါ။ သူမကို အဖော်လုပ်ပေးနိုင်ဖို့အတွက် ကျွန်မ ဟာ သူမနဲ့အတူတူ ကျောင်းတက်ခွင့်ရခဲ့ပါတယ်။ ကျွန်မရဲ့ တာဝန်က သူမကို အနီးကပ်စောင့်ရှောက်ကာကွယ် ဖို့နဲ့ သူမလိုအပ်သမျှ ဖြည့်ဆည်းလုပ်ကိုင်ပေးဖို့ပါ။ ကျွန်မတာဝန်လည်းကျေခဲ့ပါတယ်။ စာလည်းသင်ခဲ့ပါတယ်။ သူမရဲ့ အိမ်စာတွေကအစ ကျွန်မကပဲ ကူလုပ်ပေးခဲ့ရ၊ သူမနဲ့အတူ စာကျက်ပေးခဲ့ရ၊ သူမပျော်ရွှင်အောင် မျက်နှာ လုပ်ခဲ့ရ၊ သူမစိတ်ဆိုး အော်ဟစ် ထုနှက် ကုတ်ဖဲ့သမျှကို မျက်နှာလုပ်ခဲ့ရရင်းနဲ့ပဲ ကျွန်မ ကြီးပြင်းလာခဲ့ရတာ ပါ။

ဆယ်တန်းအောင်ကြတော့ ကျွန်မက ဂုဏ်ထူး လေးဘာသာပါခဲ့ပေမယ့် ဆေးကျောင်းမတက်ဘဲ သူမ ယူတဲ့ အင်္ဂလိပ်စာမေဂျာကိုပဲ သူမနဲ့အတူ လိုက်ယူခဲ့တာပါ။ ကျွန်မဟာ သူမရဲ့ အရိပ်တစ်ရိပ်ပဲ ဖြစ်ရမယ်လေ။ ကျွန်မ အလိုက်တသိရှိခဲ့ပါတယ်။ သူမကလည်း ကျွန်မကိုပဲ လိုအပ်ခဲ့တာပါ။ သူမ ဘေးမှာ ကျွန်မမရှိရင် သူမ မနေတက် အောင်ကိုပဲ ကျွန်မကို လိုအပ်ခဲ့တာပါ။ သူမရဲ့ ဝေယျာဝစ္စတွေကို လိုလေသေးမရှိအောင် လုပ်ကိုင်ပေးတက်တဲ့၊ သူမ ဖတ်ချင်တဲ့ ဝတ္ထုတွေကို ညအိပ်ရာဝင် ပုံပြင်တွေလို ဖတ်ပြပေးတက်တဲ့၊ သူမ ညောင်းရင်နှိပ်ပေးတက်တဲ့၊ သူမ ဝတ်ဖို့ အဝတ်အစားကိုကအစ ဂရုတစိုက် ရွေးချယ်စီစဉ်ပေးတက်တဲ့၊ သူမ လိုချင်သမျှ နှုတ်ဖျားကနေ ခိုင်းလိုက်ရုံ နဲ့ အကုန်ဖြည့်ဆည်းပေးတက်တဲ့ ကျွန်မကို သူမက တစ်ခါတစ်ရံတော့ စိတ်လိုလက်ရ ချစ်ခင်တက်ပြီး များသော အားဖြင့်တော့ အမြင်ကတ်မုန်းနေတက်ပါတယ်။ လူတိုင်းကို ကျွန်မနဲ့ မိတ်ဆက်ပေးတိုင်း “ ဒါ ငါ့ရဲ့ assistant” လို့ ဆိုတက်တဲ့ ကျွန်မဟာ သူမလို ပြင်ပြင်ဆင်ဆင် မနေရပါဘဲ၊ အကောင်းဆုံး label တွေ၊ brand တွေ မဝတ်မစား ရပါဘဲ သူမထက်ပိုပြီး လူစိတ်ဝင်စားခံရတဲ့ ရုပ်ရည်မျိုးကို ပိုင်ဆိုင်ထားခဲ့မိတာ် တစ်ခုပဲ ပြောစရာရှိပါတယ်။ အဲဒီ အချက်တစ်ချက်ကြောင့်ပဲ

ကျွန်မကို သူကြည့်မရ၊ မုန်းတီးခဲ့တာဖြစ်မှာပါ။ ငယ်ငယ်ကတည်းက ကျွန်မရဲ့ မျက်နှာကို အမြဲ ကုတ်ဆွဲ ဒဏ်ရာပေးတက်ခဲ့တဲ့ သူမရဲ့စိတ်ထဲမှာ ကျွန်မဟာ သူမထက်ပိုပြီး ထင်ပေါ်မနေသင့်ဘူးလို့ ထင်ခဲ့ တာလေ။ တကယ်တော့လည်း အဲဒါကို ကျွန်မ ရွေးချယ်လို့ ရခဲ့တာမဟုတ်။ ဖြစ်နိုင်မယ်ဆိုရင်တော့ ကျွန်မရဲ့ မျက်နှာကို သူမဆီမှာ ပြောင်းတပ်ပေးချင်မိသား။

“ ဆိုးပေမ………. ငါနိုးပြီနော်”

ဆိုတဲ့ အသံကိုကြားတာနဲ့ ကျွန်မ ရောက်ရာအရပ်ကနေ သူမ အိပ်ရာဆီ ပြေးရပြီ။ တစ်ခန်းတည်းအတူ အိပ်ရတယ်ဆိုပေမယ့် သူမက ကြေးကနုတ်ပန်းခက်တွေနဲ့ သိပ်လှတဲ့ နှစ်ယောက်အပ် ကုတင်ကြီးမှာ တစ်ယောက်တည်းအိပ်ပြီး ကျွန်မက သူမဘေး ကုတင်အောက်မှာ မွေ့ရာခင်းပြီး အိပ်နေကျပါ။ မနက်ဆို မွေ့ရာကို ပြန်ခေါက် သိမ်းထားရုံ။ ညဆို ကျွန်မ တော်တော်နဲ့ မအိပ်ရတက်။ သူမ internet ဝင်ပြီး သူငယ်ချင်းတွေနဲ့ chat လုပ်သမျှ ကျွန်မက ဒိုင်ခံ စာရိုက်ပေးရတာ လေ။ e-mail တွေ ပြန်ရမလား……. လာထားပဲ။ သူမ ပါးစပ်က ရွတ်သမျှကို ကျွန်မက လိုက်ရိုက်ပေးရတာ ။ Facebook မှာ သူမတင်ချင်တဲ့ ဓာတ်ပုံတွေ၊ စာတွေကို သူမကပဲ စိတ်ရှည် လက်ရှည်တင်ပေးရတက်တာ။ ညဘက် သူမ DVD ကြည့်ချင်ရင် အဖော်အဖြစ် ထိုင်ကြည့်ပေးရ။ စာဖတ်ချင်ရင် ကျွန်မက ဖတ်ပေးရနဲ့မို့ ညတိုင်း ကျွန်မရဲ့ အိပ်ရာဝင်ချိန်ဟာ တစ်နာရီနောက်ပိုင်းတွေ ချည်းပါ။

မနက် သူမနိုးပြီဆို သူမအတွက် ဝေယျာဝစ္စတွေကို ကျွန်မကပဲ စီစဉ်ပေးရတာ ။ ‘ လှသောမေ’ ဆိုတဲ့ ကျွန်မရဲ့ နာမည်ကို သူမက ဘယ်တော့မှ မခေါ်တက်။ ‘ ဆိုးပေမ’ လို့ ချဉ်ချဉ်တူးတူးပဲ ခေါ်မြဲ။ ကျွန်မကလည်း ‘ ဆိုးပေမ’ ဆိုတာကိုပဲ နားထဲမှာ ယဉ်နေခဲ့ပြီ။ တစ်ခါတစ်ရံ သူမ လူတွေရှေ့မှာ စိတ်လိုလက်ရနဲ့ ‘ လှသောမေ’ လို့ ကျွန်မကို ခေါ်ရင်တောင် နားထဲ စိမ်းနေတော့တာ။

“ သွားတိုက်၊ မျက်နှာသစ်ဖို့ အဆင်သင့်ပဲ သခင်ရေ၊ တို့ breakfast သွားပြင်ထားလိုက်မယ်၊ ဒီနေ့ ဘာစားမှာလဲဟင်”

“ နန်းကြီးသုတ် ဆွဲချင်တယ်ဟာ၊ ပြီးတော့ cappuccino သောက်ချင်တယ်”

“ အိုကေ……. ရစေမယ်၊ အကျႌဝတ်ဖို့ အဆင်သင့် ထုတ်ထားပြီးသားနော်၊ ဖိနပ်ပါ ထုတ်ပြီးသား”

သူမမှာ အဝတ်အစားတွေ၊ ဖိနပ်တွေ၊ လက်ကိုင်အိတ်တွေဆိုတာ နံရံကပ်ဘီရိုတွေနဲ့ အပြည့်၊ သူမ မဝတ်ချင်တော့တဲ့ အကျႌတွေဆိုတာတောင် ကျွန်မအတွက် သိပ်ကောင်းလွန်းနေတာပါ၊ နာမည်ကြီး label တွေမှ သူမက ဘန်ကောက်၊ စင်္ကာပူ၊ ဟောင်ကောင်ထွက်ပြီး ဝယ်တက်သူ။ သူမ သွားတိုင်းလည်း ကျွန်မက သူမရဲ့ assistant အဖြစ် ပါရတက်ပါတယ်။ အကောင်းဆုံး hotel မှာတည်း၊ ဝယ်ချင်တာမှန်သမျှဝယ်၊ သုံးချင်တာမှန်သမျှ သုံး မိဘတွေက စိတ်ကြိုက်ခွင့်ပြုကြည့်ဖြူပြီးသားမို့ သူမမှာ အမြဲလိုတရ ပြည့်လျှံလို့ပါ။ ကျောင်းပြီးလို့ ကိုယ်ပိုင်ဖက် ရှင်ဆိုင် ဖွင့်ချင်တယ်ဆိုတောလည်း မိဘတွေက အသာတကြည်။ ခုတော့ သူမက ဖက်ရှင်ဆိုင်တစ်ဆိုင်၊ beauty spa ဆိုင်တစ်ဆိုင်၊ ပိုင်ရှင်သူဌေးမကလေးတစ်ယောက်ဘဝမှာ အကြော့သား။ ကျွန်မလည်း ဘာမှ မလုပ်ဖြစ်ဘဲ သူမရဲ့ ရံရွေဖော်ကလေးအဖြစ် ခစားနေရဆဲ။ သူမဖြစ်ချင်တာမှန်သမျှ သူမရဲ့ လက်ရုံးတစ်ဆူပမာ အားထားရသူ အဖြစ် သူမနံဘေးမှာ ရှိနေဆဲ။ တကယ်တော့လည်း ဖက်ရှင်ဆိုင်နဲ့ beauty spa ဖွင့်ထားတယ်ဆိုပေမယ့် သူမက ခဏတဖြုတ် သွားရောက်ကြည့်ရှုရုံ၊ လိုအပ်တာတွေ စီစဉ်ညွှန်ကြားရုံ လောက်လေးပါ။ သူမ ညွှန်ကြားသမျှ ကျွန်မ က အစစအရာရာ လိုက်လုပ်ပေးရတာ ။ သူမ အလိုမကျ။ စိတ်တိုင်းမကျရင် ပြောသမျှ ဆိုသမျှ ပေးသမျှ အပြစ်ကို ခံယူရတာ က ကျွန်မပေါ့လေ။

သူမ စားသောက်ဝတ်စားပြီး အဆင်သင့်ဖြစ်ပြီဆို ကျွန်မက

ဂိုထောင်ထဲကကားကို သွားထုတ်ပြီး ပေါ်တီကို အောက်မှာ
အဆင်သင့်စောင့်နေရတာ ပါ။ သူမရဲ့ ဒရိုင်ဘာဟာလည်း ကျွန်မကိုယ်တိုင်ပါပဲ။
ကားနောက်ခန်းတံခါး ကို အဆင်သင့်ဖွင့်ပေးထားလို့ ကျွန်မက
အသင့်စောင့်နေရတာ ။ သူမ ကားထဲ ခပ်ကြော့ကြော့ ဝင်ထိုင်ပြီဆိုမှ တံခါး ကို ပိတ်
ကျွန်မ ကားမောင်းသူနေရာမှာ ဝင်ထိုင်ရပါတယ်။

“ ဘယ်ကို သွားမလဲ သခင်.........”

“ ဆိုးပေမတို့ကတော့ ဝေးပြီ၊ ညက chatting လုပ်နေတဲ့
တစ်ယောက်ဘာလဲ၊ သူနဲ့ ချိန်းထားတယ်မှလား၊ ‘ Fuji’ ဆိုင်မှာလေ၊ နင်ဟာလေ
တော်တော်တုံးတယ်”

“ အိုး......... မှတ်မိပြီ၊ ‘ Nelson’ လေ၊ ဆောရီ သခင်ရယ် တို့
မေ့သွားတာ”

သူမက ကျွန်မကို မျက်စောင်းချီတယ်။ သူမမှာ အီစီကလီတွေ၊
အပျော်ရည်းစားတွေ၊ ရည်းစားမကျ၊ သူငယ်ချင်းမကျ ယောကျာ်းလေးတွေ
အင်မတန် ပေါပါတယ်။ Internet ထဲမှာ တွေ့ပြီး၊ ရင်းနှီးသွားရာကနေ အပြင်မှာ
ဆုံပြီး သူမသဘောကျရင် ဆက်တွဲ၊ သဘောမကျရင် အဲဒီ လူကို ကျွန်မလက်ထဲ
ဘုတ်ခနဲ ပစ်ချတက်တာ မို့ အမုန်းခံပြီး ပြဿနာကို ဒိုင်ခံဖြေရှင်းရတာ က ကျွန်မပါ၊
ကျွန်မကလည်း အဲဒါကိုသာ စိတ်အညစ်ဆုံး၊ မပြောရဲလို့ သာ။ အခုလည်း
ချိန်းထားတဲ့ဆီ သွားရင်း ရင်တထိတ်ထိတ် တမမနဲ့ပါ။ ဆိုင်ထဲရောက်သွားတော့
ကျွန်မက အရင် သွားကြည့်ပေးရတာ ။ ရုပ်ရည်သားနား သန့်ပြန့်ရဲ့လား၊
စတိုင်လ်မိရဲ့လား၊ လန်းရဲ့လား၊ အဲဒါတွေကို မသိမသာ သွားပြီး စနည်းနာတာ။
လက်ထဲက Mobile ဖုန်းကလေးနဲ့ အဲဒီ လူမသိအောင် အသာခိုးပြီး Video
ရိုက်ယူရသေး တာ။ ပြီးမှ ကားပေါ်သွားပြီး သူမဆီ ပြရတာ ။ သူမက OK ဆိုမှ
နှစ်ယောက်အတူတူ ဆိုင်ထဲဝင်ကြတာ။ သူမတို့ အချင်းချင်း စကားဖောင်ဖွဲ့သမျှ
ကော်ဖီတစ်ခွက်နဲ့ ကျွန်မ ထိုင်စောင့်ရုံ။ ပြီးရင် သူမရဲ့ mobile နဲ့ အလုပ်ကိစ္စတွေ

သူမ ခိုင်းထားတဲ့အတိုင်း စီစဉ်ညွှန်ကြားရပါတယ်။ သူမဆီ ဝင်လာသမျှ ဖုန်းတွေကိုလည်း သင့်တော်သလို ဖြီးဖြန်း ရှီးရှမ်းရင်း ဖြေပေးရတာ လည်းရှိရဲ့။ သူမကတော့ နောက်ဆံကင်းကင်း......... အေးအေးလူလူ။ ကျွန်မကလည်း ကိုယ့်ဘဝတစ်ခုလုံးဟာ သူမအတွက်လို့ ပုံအပ်ပေးထားသူမို့ ငြီးလည်း မငြီးငွေ့မိပါဘူး။ ကျွန်မစာ သူမရဲ့ ရုံရွှေဖော် အဖြစ်ကထက် ပိုပြီး ကျွန်မကိုယ်ကျွန်မ အဆင့်မြှင့်ဖို့လည်း စိတ်ကူးမရှိပါဘူး။

***

**လရောင်အောက်မှာ**

**သူမျက်နှာကို မသဲမကွဲ မြင်ရပေမယ့်**

**ကျွန်မ အလွတ်ရနေတယ်။**

**သူ့မျက်ဝန်တွေက**

**အညိုရောင် ရီလဲ့တယ်။**

**နှုတ်ခမ်းတို့က ချိုမြရဲ့။**

**သေချာပါတယ်။**

**ကျွန်မတို့ နှစ်ယောက်ဟာ**

**ချစ်သူတွေလိုပါပဲ။**

***

## အခန်း (၂)

ညက ကျွန်မအိပ်မက်ဆန်းဆန်းတစ်ခု မက်ပြန်တယ်။ ဒီလိုပဲ ကျွန်မဟာ အိပ်မက်ဆန်းတွေ မကြာခဏ မက်လေ့ရှိ တက်ပါတယ်။ အိပ်မက်ထဲမှာ ကျွန်မတစ်ခါမှ မမြင်ဖူး။ မရောက်ဖူးတဲ့ မြင်ကွင်းတွေနဲ့ ကျွန်မ မသိတဲ့ လူတွေပါတယ်။ ဒါပေမယ့် အဲဒီ လူတစ်ယောက်ကတော့ ကျွန်မနဲ့ တရင်းတနှီး ရှိလှတယ်။ တွေ့လိုက်ရင် ကယု ကယင်နဲ့ နွေးထွေးပွေ့ဖက်တက်တယ်။ ကျွန်မကလည်း လွင့်မျောသာယာလို့။ စိတ်ထဲမှာ သိပ်ရင်းနှီးတွယ်တာမှုကို ခံစားရတယ်။ သူ့ကို အပြင်မှာ တစ်ခါမှ မတွေ့ဖူးပေမယ့် အိပ်မက်ထဲမှာတော့ မကြာခဏ တွေ့မိတယ်။ ညက အိပ် မက်ကတော့ သိပ်ကဗျာဆန်တာပဲ။ လမင်းက ဝင်းပသာယာရှိတယ်။ ကန်ရေပြင်ထက်ဆီမှာ လှေကလေးတစ်စင်း ပေါ်မှာ ကျွန်မနဲ့အတူ လူငယ်လေးတစ်ယောက်ပေါ့။ လှေကို ဖြေးဆေးလှော်ရင်း ခပ်တိုးတိုးစကားတွေ ဆိုနေကြ လေရဲ့။ ကျွန်မရင်တစ်ခုလုံး ကြည်နူးလိုက်မောမှုတွေနဲ့ လှိုင်းထလို့။ လရောင်အောက်မှာ သူ့မျက်နှာကို မသဲမကွဲ မြင်နေရပေမယ့် ကျွန်မ အလွတ်ရနေတယ်။ သူ့မျက်ဝန်းတွေက အညိုရောင် ရီလဲ့နေတယ်။ နှုတ်ခမ်းတို့က ချိုမြရဲ့။ သေချာပါတယ်။ ကျွန်မတို့နှစ်ယောက်ဟာ ချစ်သူတွေလိုပါပဲ။ အိပ်မက်ကနေ ဖျက်ခနဲ နိုးထလာတော့ ကျွန်မ အပြုံး တောင် မပြယ်မိသေးဘူး။ သူဟာ ဘယ်သူလဲ။ ဘယ်မှာလဲ။ သူ တစ်ယောက်တည်းကိုပဲ ကျွန်မဘာကြောင့် မကြာခဏ အိပ်မက်နေတက်သလဲ။ တစ်ယောက်ယောက်ကို စိတ်စွဲလမ်းလို့ မက်ရတာ ဆိုရင်လည်း အဲဒီ လူဟာ အပြင်မှာ ရှိသင့်တာပေါ့။ ဒါပေမယ့် မဆုံဖူးပါ။ အိပ်မက်ကလေးတွေကို တယုတယ သိမ်းထားလို့ရရင် သိပ်ကောင်း မှာပဲ။ ကျွန်မ မက်မက်မောမော သိမ်းထားမိမယ်ထင်ရဲ့။ အဲဒီ လို

အိပ်မက်မက် ပြီးတဲ့နောက် တစ်နေ့ဆို ကျွန်မရဲ့ စိတ်တွေ လန်းဆန်းကြည်လင်နေတက်တယ်။ သခင်ကတောင် သတိထားမိတယ်။

“ အံမယ်……. ဆိုးပေမတို့ ပြုံးမြမြနဲ့ မျက်နှာက မှိုရထားတဲ့ မျက်နှာ၊ ဘာဖြစ်နေတာလဲ၊ ရည်းစားရပြီလား”

တဲ့……..။ စိတ်လိုလက်ရ မေးတက်သေးတာ။ ကျွန်မက ရယ်မောမောပဲ ခေါင်းခါမိတယ်။

“ ဆိုးပေ…….. ငါ့ကို Manicure, Pedicure လုပ်ပေးစမ်းပါဦး၊ လက်သည်းဒီဇိုင်း ပြောင်းမယ်နော်”

သူမက မျက်နှာပဲ ပေါင်းပေါင်း၊ ကိုယ်ခန္ဓာကို နှိပ်နယ်ပေါင်းတင်တာပဲဖြစ်ဖြစ်၊ လက်သည်းခြေသည်း ပြင်တာ ပဲဖြစ်ဖြစ် Spa မှာ သွားမလုပ်ပဲ အိမ်မှာပဲ သူမအတွက် သီးသန့်အခန်း လုပ်ထားပေးရပြီး ကျွန်မကိုယ်တိုင်ပဲ လုပ်ပေး ရတာ ပါ။ အဲဒီ လို လုပ်ပေးနိုင်ဖို့အတွက် ကျွန်မမှာ ဘန်ကောက်ထိသွားပြီး သင်တန်းတက်၊ ဒီပလိုမာ ယူထားရသေး တာပါ။ ကျွန်မကတော့ ပညာသင်ယူခွင့်ရနေတာကိုပဲ ပျော်ရွှင်ကျေနပ်နေတက်တာပါ။ သူမအတွက် ဆံပင်ညှပ်တာ၊ ပုံသွင်းတာ၊ အရောင်ဆိုးတာ၊ ဆံပင် care လုပ်တာတွေအတွက်လည်း ကျွန်မသင်ထားရပါတယ်။ သူမကို ခြေသည်း လက်သည်းတွေ ပုံသွင်းပြင်ဆင်ပေးနေတုန်း သူမက ကျွန်မကို စိတ်လိုလက်ရ စကားပြောချင်ပြောနေ တက်ပါတယ်။

“ ဆိုးပေ နင် ငါ့ကို ဘယ်လိုမြင်သလဲ၊ တစ်ခါတစ်ခါကျရင် နင့်အပေါ် ငါ အရမ်းဆိုးတာတွေ ရှိတယ်လေ၊ အဲဒီ အခါကျရင် နင် ဘယ်လိုခံစားရသလဲ”

ကျွန်မက သူမခြေထောက်ကို လုပ်ပေးနေချိန်မို့ သူမကို မော့ကြည့်မိတယ်။ သူမက ကျွန်မကို ဒီအတိုင်းပဲ လှမ်းကြည့်ရင်း မေးနေတာပါ။ ကျွန်မ သူမကို ပြုံးပြလိုက်မိတယ်။

“ သခင်ရယ်……. သခင် တို့အပေါ် ကောင်းတာတွေက အများကြီးပဲ ဥစ္စာ၊ ပြောရမယ်ဆိုရင် သခင်က တို့ရဲ့ ကျေးဇူးရှင်လည်းဟုတ်တယ်၊ သခင့်ကြောင့်ကို ပညာတွေသင်ခွင့်ရတယ်၊ အဆင့်အတန်းမြင့်မြင့် နေရတယ်၊ တော်ပြီပေ့ါ၊ သခင်ဆိုးတယ်ဆိုတာ တို့စိတ်ထဲ ဘာမှ မဖြစ်စလောက်ပါ၊ ဒီဘဝကို တို့ကျေနပ်တယ်၊ သခင့်အတွက် အို……… တို့ဘက်က ဘဝတစ်ခုလုံး အဆင်သင့် ဖြစ်နေပြီးသား……… တကယ်ပြောတာ”

“ အပိုတွေ………. နင်က စာတော့တက်တယ် သိလား ဆိုးပေ၊ နင့်ကို အားကိုးရတာ တော့ မှန်ပါတယ်၊ တစ်ချိန်မှာ နင် ငါ့ကို အာခံသွားမှာ၊ နောက်ကျောကို ဓားနဲ့ထိုးသွားမှာတော့ ငါ တကယ်စိုးရိမ်တယ် သိလား၊ အဲဒါ ငါ အပွင့်လင်းဆုံး ပြောတာ၊ ဘယ်သူ့ပဲ မေးလိုက် မေးလိုက် ၊ ငါ့ရဲ့ assistant က ငါ့ထက် ပိုလှပြီး စိတ်ဝင်စားစရာ ကောင်းနေတယ်ဆိုတာ ငြင်းလို့မရတဲ့ အချက်ပဲ၊ အဲဒါကြောင့် နင့်ကို ငါ တစ်ခါတစ်ခါ သိပ်အမြင်ကပ်မိတယ်၊ ပြောရ ရင် နင့်ဘဝတစ်ခုလုံးကို ငါက မြေတောင်မြှောက်ပေးလာခဲ့တာနော်၊ ငါ့ကို မှီပြီး နင် အားလုံး သင်ကြားတက်မြောက် နေတာ၊ ငါ့ကို ကျေးဇူးတော့ မကန်းပါနဲ့ ၊ အဲဒါ ငါ နင့်ကို သတိပေးတာ”

သူမစိတ်ထဲမှာ အဲဒီ စိုးရိမ်မှုက အမြဲ ရှိတက်ပုံ ရပါတယ်။ ကျွန်မကို မကြာခဏဆိုသလို သူမ အဲဒီ လို သတိ ပေးတက်တယ်။ ကျွန်မကလည်း ဒီတစ်သက် သူမကို ကျေးစွပ်ဖို့ စိတ်ကူးမရှိတာ အမှန်ပါ။

“ မနက်ဖြန် မနက်ကိုးနာရီ လေဆိပ်သွားရမယ်နော် ဆိုးပေ၊ အဲဒါကို မှတ်ထားဦး မေမေ့သူငယ်ချင်း မိသားစု UK ကနေ လာလည်ကြမှာ၊ သူတို့ Sedona မှာ တည်းကြလိမ့်မယ်၊ ဒါပေမယ့် အိမ်မှာပဲ အနေများမှာ၊ မေမေက အန်တီဟေဇယ့်သားနဲ့ ငါ့ကို လူကြီးချင်း စကားပြောထားကြတယ်ဆိုပဲ၊ သူ့သား ပါလာလိမ့်မယ်၊ လူငယ်ချင်း ရင်းနှီး အောင် လာဆုံပေးမှာတဲ့၊ ဟား ဟား………. အင်္ဂလန်က လာတာဆိုတော့ ဘိုရှူးပဲ နေမှာပေ့ါ၊ သူက ဟိုမှာ ကြီးတာ၊

တစ်တန်းလောက်ကတည်းက ထွက်သွားတာတဲ့၊ ငါတော့ မမှတ်မိတော့ပါဘူး၊ မေမေကတော့ ပြောတယ် နှစ်အိမ် တစ်အိမ် နေကြတာတဲ့”

တကယ်တမ်းပြောရရင် ကျွန်မလည်း မမှတ်မိတော့ပါ။ မနက်ဖြန်အတွက် လေဆိပ်မှာ ဧည့်သည်သွားကြို ရမှာကို သူမရဲ့ i Phone ထဲမှာ ထည့်မှတ်ပေးထားမိရုံကလွဲပြီး ကျွန်မစိတ်ထဲ ထူးထူးခြားခြားလည်း စိတ်မဝင်စားမိပါဘူး။ ယောကျ်ားလေးမိတ်ဆွေတွေ အင်မတန်ပေါတဲ့ သခင့်အတွက် ဒီလူဟာလည်း သူမကြိုက်ရင် အတည်တကျ လက်ထပ်ဖြစ်ချင် လက်ထက်ဖြစ်နိုင်ကောင်းပေမယ့် သူမ မကြိုက်ရင်တော့ ထုံးစံအတိုင်း အဲဒီ ပြဿနာကို ကျွန်မပဲ လူမိုက်လုပ်ပြီး ဝင်ဖြေရှင်းပေးရမှာကိုပဲ ကြိုတွေးထားမိရုံပဲ။ ဒီလူတစ်ယောက်ကြောင့် ကျွန်မရဲ့ဘဝကြီးတစ်ခုလုံး ချာချာလည်အောင် မွှေ့ရမ်းလည်ပတ်သွားရလိမ့်မယ်လို့ ကျွန်မ ဘယ်ထင်ထားပါ့မလဲနော်။

***

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်။ စင်္ကာပူလေကြောင်းနဲ့ ရောက်လာတဲ့ ဧည့်သည်တွေ ထွက်လာကြ တာကို ကျွန်မနဲ့သခင် အတူတူ စောင့်ကြိုနေခဲ့မိကြတာ။ လေဆိပ်ခန်းမထဲနေ ထွက်လာတဲ့ လူတွေကြားထဲမှာ ထင်းခနဲ ပေါ်လွင်ထင်ရှားနေတဲ့ လူတစ်ယောက်ကို ကျွန်မ ပထမဆုံး မြင်လိုက်မိပါတယ်။ အဲဒီ ခဏမှာ ကျွန်မ မိုက်ခနဲ ပြာဝေသွားပြီး ဒူးတွေ ယိုင်ညွှတ်ခွေကျချင်ချင် ဖြစ်သွားခဲ့ပြီး ပတ်ဝန်းကျင်တစ်ခုလုံးနဲ့ ကျွန်မ အဆက်အသွယ်ပြတ်သွားသလို ဖြစ်သွားခဲ့တာပါ။ သူ့ကိုမြင်လိုက်ရတာ ကျွန်မအတွက် တကယ့်ရှောခ်ပါ။ အိပ်မက်တွေထဲ မှာ ကျွန်မရင်းနှီးနေတဲ့ မျက်နှာတစ်ခုကို အရှင်လတ်လတ် မြင်လိုက်ရချိန်မှာ ကျွန်မခံစားလိုက်ရတဲ့ ထူးဆန်းတုန် လှုပ်မှုဟာ စာတောင်ဖွဲ့မပြတက်အောင်ပါပဲ။ သူ့အရပ်စာ ခြောက်ပေလောက်ရှိနိုင်ပါတယ်။

မြင့်မားတဲ့ အရပ်နဲ့ ပြေပြစ်လိုက်ဖက်တဲ့ ခန္ဓာကိုယ်က ကျန်းမာရေးလိုက်စားထားတဲ့ ပုံစံမျိုး တောင့်တင်းသန်မာလို့။ မျက်ခုံးထင်းထင်း မျက်လုံးတွေက ညို့ဖျော့ရီလဲ့..... နှာတံစင်းစင်းနဲ့ နှုတ်ခမ်းတွေ ပုံကျလှပလွန်းတာ အိပ်မက်ထဲကအတိုင်း ကျွန်မကို လိုက်မောမူးရီစေနိုင်စွမ်းပါတယ်။ Lacoste တံဆိပ်မှန်းတန်းသိစေတဲ့ အစိမ်းရောင်မိကျောင်းတံဆိပ်ကလေး ထင်းနေတဲ့ ပိုလိုရှပ်လက်တိုနဲ့ ဂျင်း(န်)ပဲန်မိုးပြာဖျော့ဖျော့ကို ဝတ်ထားခဲ့ပါတယ်။ ထူးဆန်းတာက သူ့ရဲ့ မျက်ဝန်းတွေဟာလည်း ကျွန်မရှိရာဆီ တည့်တည့်မက်မက် ကျရောက်လာခဲ့ပြီး စူးစိုက်ရပ်တန့်သွားခဲ့တာပါ။ ပြီးတော့ သူက ကျွန်မကို ရင်းနှီးနေတဲ့ ညင်သာသိမ်မွေ့တဲ့ အပြုံးကလေးနဲ့ လှမ်းပြီးတော့ ပြုံးပြလိုက်တဲ့ တစ်ခဏမှာ ကျွန်မ အသက်ရှူရပ်တန့်သွားမတက် လန့်ဖျပ်သွားခဲ့မိပါတယ်။ ဟော....... သူက ကျွန်မတို့ဆီ ဦးတည်ပြီး လျှောက်လာနေ ခဲ့ပြီ။ ကျွန်မ ဇဝေဇဝါ ဖြစ်နေဆဲမှာပဲ သခင့်ဆီက အသံတစ်ခုကြားလိုက်ရတာ ပါ။

“ ဟော....... အင်္ဂလန်သားက ဒီလိုတော့လည်း မဆိုးပါလား၊ အလန်းစားပဲဆရာ၊ ငါတော့ ဟာ့ထ်ထိပြီ ဆိုးပေမရေ”

တဲ့.........။ အဲဒီ တော့မှ ကျွန်မ သတိပြန်ဝင်လာခဲ့တာ။

“ အန်တီဟေဇယ်..... သခင် ဒီမှာ”

“ အိုး...... ကြည့်စမ်းပါဦး ရွှေရေးသခင်၊ သမီးက ဓာတ်ပုံတွေထဲမှာထက် အပြင်မှာ ပိုလှလို့ပါလား”

အန်တီဟေဇယ်က သခင့်ကို ပွေ့ဖက်နှုတ်ဆက်လိုက်ပေမယ့် မျက်လုံးတွေက ကျွန်မဆီမှာ။ သူကတော့ ကျွန်မကိုပဲ ဆန်းကြယ်တဲ့ အကြည့်တစ်မျိုးနဲ့ ငေးကြည့်နေခဲ့တာကို တော်တော်နဲ့ မရပ်သိမ်းနိုင်ခဲ့။ သူ့အကြည့်ဟာ လည်း ရင်းနှီးနွေးထွေးလို့။

“ ဟောဒါ...... လရောင်ဝေးလေ၊ သမီး မှတ်မိရဲ့လား၊ ငယ်ငယ်တုန်းက

သူငယ်ချင်းလေ၊ အဆက်အသွယ် ကို ပြတ်နေလိုက်တာ၊ ဟိုးတစ်လောကမှ သမီးမေမေနဲ့ အဆက်အသွယ် ပြန်ရတာ လေ၊ ကြည့်စမ်းပါဦး……"

" လရောင်ဝေးကို သခင် တကယ် မမှတ်မိတော့ဘူး အန်တီ၊ သူ့ပုံစံက ဘိုတစ်ယောက်လို ဖြစ်နေပြီ"

" အမလေး….. ဘိုရုပ်ထွက်နေပေမယ့် သူက အလွန်မြန်မာဆန်တာ သမီးရဲ့၊ နောက်တော့ သမီး သိပါ လိမ့်မယ်၊ မြန်မာလို ပြောတတ်၊ ရေးတတ်၊ ဖတ်တတ်တယ်၊ သူ မမေ့အောင် အန်တီသင်ပေးထားရတာ ပေါ့"

" တွေ့ရတာ ဝမ်းသာပါတယ်၊ ရွှေရေးသခင်၊ ကျွန်တော်က သူ့ကို ထင်နေတာ……."

သူ့အသံက သြချိုချိုပါ။ ပြုံးပြီး ကျွန်မကို လှမ်းကြည့်ပြောလိုက်တာမို့ ကျွန်မ သခင့်ကို စိုးရိမ်တကြီး ကြည့်လိုက်မိတော့ ထင့်တဲ့အတိုင်း သခင့်မျက်နှာမှာ ပျက်သွားခဲ့ပြီ။

" သူက ကျွန်မရဲ့ assistant ပါ လရောင်ဝေး၊ ကဲ…… အိမ်ပြန်လိုက်ရအောင်၊ မေမေတို့ အိမ်မှာ အဆင်သင့် စောင့်နေတယ် အန်တီဟေဇယ်"

ပစ္စည်းတွေ ကားပေါ်တင်ပြီးချိန်မှာ ကျွန်မက ကားမောင်းသူနေရာမှာထိုင်ပြီး သူက ကျွန်မရဲ့ဘေးမှာ ထိုင်ပါ တယ်။ နောက်ခန်းမှာ အန်တီဟေဇယ်တို့ ဇနီးမောင်နှံနဲ့ သခင်တို့ ထိုင်ကြပါတယ်။ ခုချိန်ထိ ကျွန်မ စကားတစ်ခွန်း မှ မပြောရသေးပါဘူး။ ပြောခွင့်လည်း မရှိတဲ့ အနေအထားလေ။ အန်တီဟေဇယ်နဲ့ သခင်တို့ စကားတွေ အပြန် အလှန် ပြောလာကြတယ်။ သူကတော့ ကျွန်မဆီ မကြာခဏ လှမ်းကြည့်တက်တာကို ကျွန်မ သတိထားမိပါရဲ့။ ကျွန်မ ရင်ထဲမှာတော့ သူ့ကို စကားတွေ အများကြီးပဲ လှမ်းပြောနေခဲ့ပြီးပြီ။ သူ့ကြည့်ရတာ ကျွန်မကို စကားပြော ချင်နေပုံရပါတယ်။ ဒါပေမယ့် အခြေအနေက

ခွင့်မပေးဘူးလေ။ သခင်က သူ့ကို အကဲခတ်နေတာကို ကျွန်မ သတိထားမိပါတယ်။ သခင့် မျက်နှာကို ကြည့်လိုက်ရုံနဲ့တင် သူမဟာ သူ့ကို စိတ်ဝင်စားနှင့်ခဲ့ပြီဆိုတာကို အတွေ့အကြုံအရ ကျွန်မ သိခဲ့ပြီးသား။ အိမ်လည်းရောက်ရော သခင်က ကျွန်မကို အလုပ်ကိစ္စတစ်ချို့ ခေါင်းစဉ် တပ်ပြီး သိသိသာသာပဲ ပ ထုတ်လိုက်ပါတယ်။ ကျွန်မရင်ထဲမှာ ဘာကို ဝမ်းနည်းနေမိမှန်း မသိဘူး။ အလုပ်ထဲ မှာလည်း စိတ်မဝင်စားနိုင်ဘဲ သူ့ရုပ်သွင်ကိုသာ တရေးရေး ပြန်မြင်နေမိတော့တာ။ သူ ကျွန်မကို ဘာပြောမှာလဲ၊ ဘာပြောချင်နေတာလဲ ဆိုတာကိုပဲ ကျွန်မ စိတ်ဝင်စားနေမိတာပါ။ ကျွန်မ ဘာလုပ်ရမလဲ၊ ကျွန်မ သူ့ကို တစ်ကြိမ် တစ်ခါမှ မမြင်ဖူး၊ မဆုံခဲ့ဖူးပါဘဲနဲ့ ဘာကြောင့် အိပ်မက်ထဲမှာ တရင်းတနှီး တွေ့ဆုံခဲ့ဖူးတာလဲ၊ အဲဒါ ဘယ်လောက် ထူးဆန်းသလဲ၊ တစ်ယောက်ယောက်ကို ပြောပြရင် ဘယ်လိုမှ ယုံနိုင်မှာ မဟုတ်။ သခင်လည်း ယုံမယ် မထင်။

သူနဲ့ ပတ်သက်ပြီး ကျွန်မ ဘယ်လိုပုံစံမျိုးနဲ့ နေပြသင့်သလဲ။ သူဟာ သခင့်အတွက် ရည်ရွယ်ထားသူဆိုတာ သိနှင့်ပြီးသား။ ကျွန်မအတွက် သူ့ကို စိတ်ကူးယဉ်ခွင့်တောင် မရှိရဘူးဆိုတာ နားလည်ထားပါရဲ့။ ဒီလိုပဲ ကျွန်မ ကြိမ်မိုတ်မျိုသိပ်ထားလိုက်ရတော့မလား။ မလုပ်တွေပြီးလို့ ကျွန်မ အိမ်ပြန်ချိန်မှာ ဧည့်ခန်းထဲမှာ သူတို့ စကား ကောင်းဆဲ။ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဆိုရယ်မောကြဆဲ.........။ သူနဲ့ သခင်လည်း စကားလက်ဆုံကျနေကြ ပြီ။ ရယ်လို့မောလို့ပဲ။ ကျွန်မ အဲဒီ အနားကို သွားလိုက်ရမလား။ သွားလိုက်ရင် ဘာတွေဖြစ်ကုန်မလဲ စဉ်းစားတွေဝေ နေရင်းနဲ့ပဲ ခြံထဲမှာ ကျွန်မ တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေမိတယ်။ ကျွန်မရင်ထဲမှာ တစ်ခုခုကို လေးလေးနက်နက် ခံစားနေမိတယ် ဆိုတာတော့ အသေအချာပါ။ ချစ်သူနဲ့ လွဲခဲ့ရသူတစ်ယောက်လို ကျွန်မရဲ့ နှလုံးသားဆီက ဆွေးမြေ့ကွဲအက်ကျိုးပဲ့နေတာကို ခံစားနေရတာ ။ သူနဲ့ကျွန်မ ဘယ်လိုမှ ပတ်သက်စရာ အကြောင်းမရှိပါ။ ဒါပေမယ့် အိပ်မက်ထဲမှာတော့.........။

“ ကျွန်မ အတွေမဆုံးသေးခင် နွေးမြတဲ့ အသံတစ်သံ ကျွန်မရဲ့ မျက်လုံးတွေက အပေါ်ထပ် လသာဆောင် ဆီ ရောက်သွားမိတယ်။ သခင်ရယ်....... ကျွန်မတို့ဆီ ခပ်စူးစူး လှမ်းကြည့်နေတာလေ။ ကျွန်မရင်ထဲ စိမ့်ခနဲတောင် ဖြစ်သွားမိတယ်။ သူတို့နှစ်ယောက် လသာဆောင်ဆီ တက်ကြည့်ရင်းနဲ့ သူ ကျွန်မကို မြင်သွားခဲ့ပုံရတယ်။

“ ရပါတယ်......... ကိုလရောင်ဝေး၊ ဘာများ ပြောချင်လို့လဲဟင်”

သူ ကျွန်မကို ညှို့ရီတဲ့ အပြုံးမျက်လုံးနဲ့ ငေးကြည့်ရင်း.........

“ ဘာဖြစ်လို့လဲ မသိဘူး...... ကျွန်တော့်စိတ်ထဲ သူ့ကို အရမ်းရင်းနှီးနေတယ်၊ သူ့နာမည် လှသောမေ လို့ သခင်ပြောပြတယ်၊ ကျွန်တော် မြန်မာပြည်ကို မလာခင် အိပ်မက်တစ်ခု မက်တယ်၊ ကျွန်တော်ပြောရင် ယုံမလား မသိဘူး၊ အိပ်မက်ထဲမှာ မိန်းကလေးတစ်ယောက်နဲ့ ကျွန်တော် မိုးရေတွေထဲမှာ လက်ချင်းတွဲပြီး ကြည်ကြည် နူးနူး ပြေးလွှားနေခဲ့တာ၊ အဲဒီ မိန်းကလေး အရင်က ကျွန်တော် တစ်ခါမှ မတွေ့ခဲ့ဖူးဘူး၊ မြန်မာပြည်ရောက်မှ လေဆိပ်မှာ လှသောမေကို တွေ့လိုက်တော့ ကျွန်တော် ချက်ချင်း မှတ်မိလိုက်တယ်၊ ကျွန်တော့် အိပ်မက်ထဲက မိန်းကလေးပဲ ဆိုတာ မထူးဆန်းဘူးလားဟင်”

ကဲ........ ကျွန်မ အံ့ဩရလွန်းလို့ သေတော့မှာပဲ။ သူ့ကို ကျွန်မတစ်ယောက်တည်း အိပ်မက်တွေထဲမှာ ဆုံနေခဲ့တာ မဟုတ်ဘဲ သူ့ရဲ့ အိပ်မက်ထဲမှာလည်း ကျွန်မပါဝင်နေခဲ့တယ်ဆိုတာ ပြောရင် ဘယ်သူက ယုံမလဲ။ ကျွန်မလည်း သူ့ကို အိပ်မက် မက်ခဲ့ကြောင်း သူ့ကို ပြန်ပြောလိုက်ရမလား။ ပြောလိုက်ရင် ဘာတွေဖြစ်မလဲ။ ဘဝပေး အသိအရ သူနဲ့ ကျွန်မဆက်ပြီး မရင်းနှီးသင့်ဘူးလို့ ကျွန်မ ရင်ထဲကနေ ကျွန်မ နောက်တစ်ယောက်က ပြန်ပြီး သတိပေးနေခဲ့တယ်။ ကျွန်မ သခင့်ရဲ့ ငြိုငြင်မှုနဲ့ အမုန်းကို မခံလိုပါဘူး။

“ ဟုတ်ကဲ့...... ထူးဆန်းပါတယ်၊ ဒါပေမယ့် ကျွန်မက သခင့်ရဲ့

assistant ပါ ကိုလရောင်ဝေး”

“ assistant ဘာဖြစ်လဲ လှသောမေ၊ ကျွန်တော် မြန်မာပြည်ကို လာခဲ့တာ မြန်မာမိန်းကလေးတစ်ယောက်နဲ့ ရင်းနှီးချစ်ခင်ဖို့ လက်ထပ်ထိမ်းမြားဖို့ဆိုတာ မှန်ပါတယ်၊ မေမေက ကျွန်တော်နဲ့ သခင့်ကို ရည်ရွယ်ထားတယ် ဆိုတာလည်း ကျွန်တော် သိပါတယ်။ ဒါပေမယ့် မေမေ့ကို ကျွန်တော် ဘာကတိစကားမှ ကျွံမထားခဲ့ပါဘူး၊ အမှန် အတိုင်းဝန်ခံရရင် ကျွန်တော်အိပ်မက်ထဲက မိန်းကလေးနဲ့ တွေ့ခွင့်ဆုံခွင့်ရဖို့ မျှော်လင့်ချက် ရှိပါတယ်”

ကျွန်မ သက်ပြင်းကလေး အသာအယာချလိုက်မိပါတယ်။ ရင်ထဲမှာ တသိမ့်သိမ့် တလှိုက်လှိုက်နဲ့ ညင်သာ လှိုက်မောတဲ့ ဝေဒနာဟာ ကျွန်မကို ဖိစီးထားတယ်။

“ ကျွန်တော် ဒီမှာ သုံးပတ်တိတိ အချိန်ရတယ်....... လှသောမေ၊ ကျွန်တော် အေးအေးဆေးဆေး စကား ပြောချင်ပါသေးတယ်”

ကျွန်မလည်း မငြင်းရက်နိုင်ပါ။ သူနဲ့ စကားတွေ ဆက်ပြောချင်လှပေမယ့် သိပ်မြင့်မားတဲ့ တံတိုင်းကြီး တစ်ခု က ကျွန်မနဲ့ သူ့ကြားမှာ ကာဆီးထားခဲ့ပြီဆိုတာ ကျွန်မပဲ သိတယ်လေ။

“ ကျွန်မကို ခွင့်ပြုပါဦး ကိုလရောင်ဝေး၊ ကျွန်မ သခင့်ဆီ သွားလိုက်ပါဦးမယ်”

သူ့ကို အားနာလှပေမယ့် မတက်နိုင်ဘူးလေ။ ကျွန်မ နည်းနည်းတော့ရိုင်းနေမှန်းသိပေမယ့် သူ့ကို တစ်ယောက်တည်းပဲ ထားခဲ့ပြီး သခင့်ဆီ ထွက်လာခဲ့မိပါတယ်။ အမှန်အတိုင်း ဝန်ခံရရင်တော့ ကျွန်မရင်ထဲ နင့်နေ အောင်ကို ငိုချင်နေခဲ့တာပါ။ သခင့်ဆီရောက်တော့ သခင်က ကျွန်မကို စကားမပြောသေးဘဲ မျက်လုံးစိမ်းစိမ်းရှုရှု တွေနဲ့ စိုက်ကြည့်နေတာမို့ ကျွန်မ ခေါင်းငုံ့လိုက်မိတယ်။ အပြစ်ရှိသူတစ်ယောက်လိုလည်း ခံစားလိုက်မိတယ်။

“ သူ နင့်ကို ဘာတွေလာပြောတာလဲ ဆိုးပေ”

သခင့်အသံက အလိုမကျတဲ့အခါတိုင်းလို ခပ်ထန်ထန်။ တကယ်ဆို ကျွန်မက သခင် မျက်မာန်တော်ရှမှာကို စိုးရွံ့ရသူပါ။ သခင့်ကို ကြောက်လည်းကြောက်ရတယ်လေ။

“ သူ ဒီမှာ် သုံးပတ်နေမယ့်အကြောင်းရယ်၊ သခင်နဲ့ လာတွေ့တဲ့အကြောင်းရယ်၊ သူ့မေမေက သခင်နဲ့ သူ့ကို ရည်ရွယ်ထားတဲ့အကြောင်းတွေပါ”

ကျွန်မရဲ့ အဖြေစကားကြားမှ သခင့်မျက်နှာ နည်းနည်း ကြည်လင်သွားပါတယ်။

“ ငါ ကြိုပြောထားမယ်နော် ဆိုးပေ၊ ငါ အရှုက်ရအောင် စိတ်ဆင်းရဲရအောင်တော့ နင် မလုပ်ပါနဲ့၊ ငါသူ့ကို အတည်လက်ထပ်ဖို့အထိ ရည်ရွယ်လိုက်ပြီ၊ သူ့ကို ကြိုက်တယ်၊ ငါ့ရဲ့ စံတွေနဲ့ တိုင်းတာလိုက်ရင် သူက အမှတ် 100% ပြည့်ပဲ၊ လက်ရှိ ငါ့ရဲ့ ဇာတ်လမ်းတိုတွေကို နင်ပဲ တာဝန်ယူပြီး The end လုပ်ပစ်လိုက်တော့...... ကြားလား ဆိုးပေ၊ ဒီသုံးပတ်အချိန်အတွင်းမှာ ငါ့ရဲ့ Romance ကို ငါ့စိတ်ကြိုက် ဖန်ဆင်းမယ်၊ နင်က ငါ့ကို အကောင်းဆုံး support လုပ်ပေးရမှာ..... ကြားလား”

သခင့်မျက်နှာမှာ အပြုံးတွေ ဝေနေတယ်။ ကျွန်မလည်း သခင့်ကို ပျော်စေချင်ပါတယ်။ ဘဝမှာ အမြဲတမ်း လိုတရခဲ့တဲ့ သခင့်ရဲ့ ရာဇဝင်ကိုလည်း မတိမ်းစောင်းစေချင်ဘူးလေ။ ပြီးတော့ ကျွန်မလည်း သခင့်ကို ကျေးဇူး မကန်းချင်ဘူး။

***

ကျွန်မတွေးမိတာ တစ်ခုရှိတယ်၊

“ ချစ်တယ်” ဆိုတဲ့ စကားဟာ

တစ်ယောက်ယောက်သိအောင်

ကြေညာခွင့် မရလည်းပဲ

ရင်ထဲမှာ တိတ်တဆိတ်

ရှင်သန်ကြီးထွားတက်တဲ့

သစ်ပင်တစ်ပင်လိုပါပဲ။।।।।।।।।।।।।

***